YOMA STRATEGIC HOLDINGS LTD. FMI YOMA GROUP YOMA PEOPLE 2020


# Yoma Bulletin

# ရိုးမ သတင်းစဉ်

## Group Bi-weekly highlights

## Announcing the Yoma Covid-19 Emergency Levels

As Covid-19 cases arise this week in Myanmar nationwide, the Group has put together a simplified emergency levels with color coding for all office-based employees to easily identify and action according to our guidelines.




YOMA COVID-19 EMERGENCY LEVELS

As at Friday 3.00pm (YGN), Yoma Covid-19 Emergency level is: Yellow

The CCC determines the movements of emergency level based on daily monitoring of cases. Yoma Office Workplace Guidelines correlating with our Emergency Levels are listed below.

**Green: Pre-Covid-19**

All Covid-19 restrictions lifted.

**Yellow: Watch and Prepare**

Standard Covid-19 Health & Safety precautions activated.

- Travel restrictions – International and Domestic travel restrictions with the requirement to declare travel
- Good hygiene practice – handwashing, hand sanitiser, safe coughing
- Do not come to work if exhibiting mild symptoms of Covid-19;
- Temperature screening in all workplaces;
- Social distancing of 6 feet;
- Wear a mask when social distancing of 6 feet cannot be achieved;
- WFH one day per week;
- Reduced capacity in meetings, gatherings, staff ferry services;
- Vulnerable employees may WFH.

**Amber: Caution Alert**

Strict social distancing applies.

- 100% mandatory mask wearing in all offices always;
- 50% WFH Measures;
- Desk spacing with social distancing markers in place;
- Strict adherence to all social distancing markers in Yoma buildings – canteen lines, temperature screening, lifts;
- Health and Safety Officers deployed to monitor compliance;
- Mandatory WFH for vulnerable staff.

**Code Red: Widespread Alert**

Yoma Offices closed

- WFH mode for all employees;
- Employees unable to WFH may be asked to take their leave;
- The Campus will be used to house essential workers;

* A Code Red may be declared for all Yoma Offices or limited to selected offices based on location and current status of outbreak in the region/township.

## Covid-19 အရေးပေါ်အခြေအနေအဆင့်ဆင့်

ယခုသီတင်းပတ်အတွင်း မြန်မာနိုင်ငံအနှံ့တွင် Covid-19 ကူးစက်မှုများ မြင့်တက်လာသည့်အတွက် ဝန်ထမ်းများအနေဖြင့် လွယ်ကူစွာသိရှိနားလည်ပြီး လမ်းညွှန်ချက်များအတိုင်း လိုက်နာနိုင်ရန် အရေးပေါ် အခြေအနေအမျိုးမျိုးကို အရောင်များဖြင့် အဆင့်ခွဲသတ်မှတ်ပေးထားပါသည်။

ယနေ့ သောကြာနေ့ နေ့လည်ခင်း ၃ နာရီတွင် အရေးပေါ်အခြေအနေကို အဝါရောင်အဆင့်အဖြစ် သတ်မှတ်ထားပါသည်။

နေ့စဉ်ဖြစ်ပွားနေသည့် ရောဂါရှိလူနာအခြေအနေအပေါ် မူတည်၍ CCC မှ အရေးပေါ်အခြေအနေကို ဆုံးဖြတ်ပေးလျက်ရှိပါသည်။ အရေးပေါ်အခြေအနေများအလိုက် ရိုးမအုပ်စုရှိ လုပ်ငန်းခွင် ရုံးခန်းများ၏ လမ်းညွှန်ချက်များကို အောက်တွင်ဖော်ပြလိုက်ပါသည်။

**အစိမ်းရောင်အဆင့် - Covid-19 မတိုင်မီအခြေအနေ**

Covid-19 ဆိုင်ရာ ကန့်သတ်ချက်များအားလုံးကို ကင်းလွတ်ခွင့်ပြုခြင်း

**အဝါရောင်အဆင့် - စောင့်ကြည့်ပြင်ဆင်ရန်**

သတ်မှတ်ထားသည့် Covid-19 ဆိုင်ရာ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ကြိုတင်သတိပေးချက်များကို စတင်လုပ်ဆောင်ရမည်။

- ခရီးသွားလာမှုများကို ကန့်သတ်ခြင်း - ပြည်ပနှင့် ပြည်တွင်း ခရီးသွားလာမှုများအတွက် ခရီးသွားလျှောက်လွှာဖောင်များကို ဖြည့်စွက်ပေးပို့ရန်။
- တစ်ကိုယ်ရည် သန့်ရှင်းမှုအလေ့အထများ - လက်ဆေးကြောခြင်း၊ ရေမလိုလက်သန့်ဆေးရည်သုံးခြင်း၊ နှာချေ ချောင်းဆိုးခြင်းများကို စနစ်တကျပြုလုပ်ရန်။
- Covid-19 ဆိုင်ရာ ရောဂါလက္ခဏာများကို အနည်းငယ်ခံစားရပါကလည်း အလုပ်ခွင်သို့ မလာရောက်ရန်။
- လုပ်ငန်းခွင် ရုံးတိုင်းတွင် ကိုယ်ပူချိန်တိုင်းခြင်းတို့ကို လုပ်ဆောင်ရန်။
- အချင်းချင်း ၆ ပေခွာ၍ နေရန်။
- အချင်းချင်း ၆ ပေခွာ၍ မနေသည့်အချိန်များတွင် နှာခေါင်းစည်းတပ်ဆင်ထားရန်။
- တစ်ပတ်လျှင်တစ်ရက် နေအိမ်မှနေ၍ အလုပ်လုပ်ရန်။
- အစည်းအဝေးများ၊ စုဝေးခြင်းများနှင့် ဝန်ထမ်းဖယ်ရီကားများပေါ်တွင် ဝန်ထမ်းဦးရေလျော့ချရန်။
- ရောဂါကူးစက်ခံရလွယ်သည့် ဝန်ထမ်းများ (၆၅) နှစ်အထက်၊ ရောဂါအခံရှိသူများနှင့် ကိုယ်ဝန်ဆောင်ဝန်ထမ်းများ) နေအိမ်မှနေ၍ အလုပ်လုပ်ရန်။

**ပယင်းရောင်အဆင့် - သတိပြုနေထိုင်ရန်**

အချင်းချင်းခပ်ခွာခွာနေထိုင်ရမည့် စည်းကမ်းများကိုတင်းကြပ်စွာချမှတ်လိုက်နာရမည်။

- ရုံးများ၏ နေရာတိုင်းတွင် တစ်ယောက်တည်းရှိနေချိန်မှလွဲ၍ နှာခေါင်းစည်းများကို အချိန်ပြည့် တပ်ဆင်ထားရန်။
- လုပ်သားအင်အား၏ ၅၀% ကို နေအိမ်မှာနေ၍ အလုပ်လုပ်စေရန်။
- အလုပ်စားပွဲခုံများတွင် အချင်းချင်းခပ်ခွာခွာနေရန် အမှတ်အသားများ ပြုလုပ်ထားရန်။
- ရိုးမရုံးအဆောက်အအုံများရှိ နေရာများအားလုံး (ကန်တင်းများ၊ ဓာတ်လှေကားများ) တွင် အချင်းချင်းခပ်ခွာခွာနေရန်အတွက် အမှတ်အသားများ ပြုလုပ်ထားရန်။ ကိုယ်ပူချိန်တိုင်းခြင်းများကို ပြုလုပ်ရန်။
- ဝန်ထမ်းများ စည်းကမ်းလိုက်နာခြင်း ရှိ၊ မရှိကို ကြပ်မတ်နိုင်ရန်အတွက် ကျန်းမာလုံခြုံရေးတာဝန်ရှိသူများကို ခန့်အပ်တာဝန်ချထားပေးရန်။
- ရောဂါကူးစက်ခံရလွယ်သည့် ဝန်ထမ်းများကို နေအိမ်မှနေ၍ အလုပ်လုပ်စေရန်။

**အနီရောင်အဆင့် - အထူးသတိပြုနေထိုင်ရန်**

ရိုးမရုံးများအား ပိတ်ထားရမည်။

- ဝန်ထမ်းအားလုံးကို နေအိမ်မှနေ၍ အလုပ်လုပ်စေရန်။
- နေအိမ်မှနေ၍ အလုပ်လုပ်ရန် အဆင်မပြေသူများကို ခွင့်ယူထားစေရန်။
- The Campus ရုံးကို မဖြစ်မနေ အလုပ်ဆင်းရမည့် ဝန်ထမ်းများ နေထိုင်နိုင်ရန်အတွက် အသုံးပြုရန်။

* အနီရောင်အဆင့်ကို ရိုးမရုံးခန်းများအားလုံးအတွက် (သို့) နေရာဒေသနှင့် ရောဂါကူးစက်ပျံ့နှံ့ရာမြို့နယ်၊ နေရာများအပေါ်တွင် မူတည်၍ ရွေးချယ်သတ်မှတ်ပေးသွားပါမည်။

## HR ANNOUNCEMENTS

YOMA CONNECT

### Exciting Features Coming Soon

Key features coming out soon

- Probation assessments
- Promotions
- Employee transfer
- Salary adjustments

Currently, paper forms are used to record above information. Soon, managers will be able to record these transactions and have them approved by Yoma Connect digitally.

### စိတ်လှုပ်ရှားဖွယ်ရာ အစီအစဉ်များ

မကြာမီ Yoma Connect တွင် လုပ်ဆောင်နိုင်မည့်အရာများ

- အစမ်းခန့်ကာလ သုံးသပ်ချက်များ
- ရာထူးတိုးမြှင့်ခြင်းများ
- လုပ်ငန်းဌာနရွှေ့ပြောင်းခြင်းများ
- လစာညှိနှိုင်းခြင်းများ

အထက်ဖော်ပြပါ လုပ်ငန်းစဉ်များအတွက် လက်ရှိတွင် လျှောက်လွှာဖောင်များကို အသုံးပြုနေပါသည်။ မကြာမီတွင် မန်နေဂျာများမှ အဆိုပါ လုပ်ငန်းစဉ်များအတွက် Yoma Connect မှ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ခွင့်ပြုချက်များ ပေးနိုင်မည်ဖြစ်ပါသည်။

### Wednesday Club Reminder

A reminder to all attendees of Wednesday club. The next virtual Wednesday club with Chairman, Serge Pun and CEO, Melvyn Pun will be on Wednesday, 9th September 2020, 3:00PM (YGN) via Microsoft Teams. Please kindly confirm your attendance upon invitation or for any questions, reach out to Ma Honey from Group HR.

### Wednesday Club တက်ရောက်ရန် သတိပေးချက်

Wednesday Club အစည်းအဝေးကို ဥက္ကဋ္ဌ Serge Pun နှင့် CEO Melvyn Pun တို့မှ စက်တင်ဘာလ ၉ ရက်နေ့ (နောက်အပတ် ဗုဒ္ဓဟူးနေ့) ညနေ (၃)နာရီအချိန်တွင် Microsoft Teams မှ ပြုလုပ်သွားမှာဖြစ်သည့်အတွက် တက်ရောက်ရန် ဖိတ်ကြားခံရသူများကို ထပ်မံ သတိပေးလိုက်ပါသည်။ ဖိတ်ကြားခံရသူများ အတည်ပြုရန် (သို့) မေးမြန်းလို သည်များရှိပါက Group HR မှ မဟန်နီ ထံ ဆက်သွယ်နိုင်ပါသည်။





### Check Your Profile

We encourage all Yoma Employees to spend 2 mins to get on Yoma Connect to check your profile page, upload your profile picture and make sure all personal information are updated and accurate. If there are any errors, please notify your direct HR or send email to askHR@yoma.com.mm.

### ကိုယ်ရေးအချက်အလက်များကို စစ်ဆေးရန်

ရိုးမဝန်ထမ်းများအားလုံးအား Yoma Connect ရှိ မိမိ၏ ကိုယ်ရေးအချက်အလက် စာမျက်နှာကို အချိန် ၂ မိနစ်ခန့်အသုံးပြု၍ ပရိုဖိုင်ဓာတ်ပုံတင်ခြင်းနှင့် အခြားကိုယ်ရေး အချက်အလက်များကို ဖြည့်စွက်ရန် တိုက်တွန်းလိုက်ပါသည်။ မှားယွင်းမှုများရှိပါက မိမိလုပ်ငန်းဌာန HR (သို့) askHR@yoma.com.mm ထံ အီးမေးလ်ပေးပို့နိုင်ပါသည်။

YOMA CONNECT




### YOMA RECRUITMENT

Here are some "Hot Roles" at Yoma this week:
ယခုသီတင်းပတ်တွင် ရိုးမမှခေါ်ယူနေသည့် ရာထူးနေရာများမှာ -

1. Government Relations Officer (Yoma Micro Power)
2. CFO (Yoma Micro Power)
3. Maintenance Supervisor (Yoma Land)
4. Project Administrator (Yoma Land)
5. Senior Payment Processing Specialist (Yoma Fleet)
6. Commis I (Little Sheep Hot Pot Myanmar)
7. Campus Manager / Office Manager

Take charge of your career.
For more internal job vacancies, click here.

PEOPLE2020

# We created this for you, have your ideas been implemented yet?

Yoma Group believes that people are the most important asset of the company. Hence, a team has been set up to oversee our People2020 initiatives. The aim is to increase our employee satisfaction by fulfilling appropriate suggestions in order to improve work and life for our Yoma family. Let's see what we have achieved in the past few months.

ရိုးမအုပ်စုအနေဖြင့် ဝန်ထမ်းများသည် ကုမ္ပဏီအတွက် အရေးအပါဆုံးဖြစ်သည်ကို ယုံကြည်သည့်အတွက် People2020 စီမံကိန်းများအတွက် သီးသန့်အဖွဲ့ထားရှိကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သင့်လျော်သည့် အကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ရိုးမမိသားစုဝင် ဝန်ထမ်းများ၏ အလုပ်အကိုင်နှင့် ကိုယ်ပိုင်ဘဝ ပိုမိုကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်သွားပေးရန် ရည်ရွယ်ထားပါသည်။ ပြီးခဲ့သည့်လတွေမှာ ဘာတွေလုပ်ဆောင်ခဲ့ပြီးဖြစ်သည်ဆိုတာ ကြည့်လိုက်ကြရအောင်။

### Yoma Employee Perks

Concentrating on perks that all our staff can afford, YEP brings all the best deals and discount to you.

ဝန်ထမ်းများနှင့် သင့်လျော်သည့် အကျိုးခံစားခွင့်များကို အဓိကထား ၍ YEP မှ အကောင်းဆုံး လျှော့ဈေးများကို ဖော်ဆောင်ပေးမှာဖြစ်ပါသည်။

### Maternity Benefits



Targeted to all working women, this well-rounded initiative aims to support families and women in achieving a more balanced working life. Stay tuned.

အလုပ်လုပ်နေသည့် အမျိုးသမီးများအတွက် ပြုလုပ်ထားသည့် ဤအစီအစဉ်သည် မိသားစုများနှင့် အမျိုးသမီးများ အလုပ်နှင့် ကိုယ်ပိုင်ဘဝ သဟဇာတပိုရှိလာစေရန် ရည်ရွယ်ပါသည်။

### Yoma Newsroom




A new TV program is coming your way. The Yoma Newsroom aims to provide engaging and entertaining updates from entities. Take part now!

တီဗီအစီအစဉ်အသစ်ကို မကြာမီတွင် စတင်ပါမည်။ ရိုးမသတင်းအစီအစဉ်သည် လုပ်ငန်းဌာနများ၏ နောက်ဆုံးသတင်း အချက်အလက်များကို မျှဝေပေးသွားရန် ရည်ရွယ်ပါသည်။ အခုပဲ ပါဝင်လိုက်ကြရအောင်။

### Better Transportation



We now provide greater travel convenience and options for our employees who must travel outside of office hours. Find out more here.

ရုံးချိန်အတွင်း ရုံးပြင်ပသို့ သွားလာသည့် ဝန်ထမ်းများအဆင်ပြေစေရန် စီစဉ်ထားရှိပါသည်။ အသေးစိတ်သိရှိလိုပါက ဤလင့်ခ်တွင် စုံစမ်းနိုင်ပါသည်။

### Yoma Eats



Focuses on creating affordable food options in a more pleasant eating environment.

ဈေးချိုသာသည့် စားစရာများကို ပိုမိုကောင်းမွန်သည့် နေရာတွင် စားသောက်နိုင်စေရန် လုပ်ဆောင်ပါသည်။

### A Shout-out

The Yoma Bulletin is now in its 14th Issue. We are on the lookout for great content to highlight. Send us your updates now.

ယခု ရိုးမသတင်းစဉ်သည် ၁၄ ကြိမ်မြောက် ဖြစ်ပါသည်။ ပါဝင်ထည့်သွင်းနိုင်မည့် သတင်းကောင်းများကိုလည်း အမြဲလိုအပ်ပါသည်။ မိမိတို့လုပ်ငန်း ဌာန၏ သတင်းများကို အခုဘဲပေးပို့လိုက်ပါ။

### New Yoma Orientation



68 new employees have participated the new orientation program to better understand the Yoma's businesses, structure and culture. Book here.

ရိုးမ၏ လုပ်ငန်းများ၊ ဖွဲ့စည်းပုံနှင့် အလေ့အထတို့ကို ပိုမိုနားလည်စေမည့် Orientation အစီအစဉ်အသစ်တွင် ဝန်ထမ်းအသစ်ပေါင်း ၆၈ ယောက် တက်ရောက်ခဲ့ပါသည်။ ဤလင့်ခ်တွင် စာရင်းပေးသွင်းနိုင်ပါသည်။

### Yoma Social Club

3 clubs already started to pursue outside of work passion, Get your club members and funding support now. Submit your application here.

အလုပ်ပြင်ပ ဝါသနာပါသူများအတွက် ကလပ် ၃ ခုကို စတင်ပြီးဖြစ်ပါသည်။ ရန်ပုံငွေများရရှိနိုင်ရန် ကလပ်အဖွဲ့ဝင်များကို အခုပဲရှာလိုက်ပါ။ ဤလင့်ခ်တွင် လျှောက်ထားနိုင်ပါသည်။

### Yoma Challenge



Announcing the highest record of 500+ participants on our latest Challenge. Get your cross-entity engagement online and have fun with your Yoma colleagues nationwide.

နောက်ဆုံးလုပ်ခဲ့သည့် Challenge တွင် စံချိန်တင် လူဦးရေ ၅၀၀ ကျော် ပါဝင်ခဲ့ပါသည်။ လုပ်ငန်းဌာနအချင်းချင်းကို အွန်လိုင်းမှတစ်ဆင့် နီးစပ်စေသည့်အတွက် နိုင်ငံအနှံ့ရှိ လုပ်ဖော်ကိုင်ဖက်တွေနှင့်အတူ ပါဝင်လိုက်ကြပါ။

### People Feature



More than 40 of you took part in our short interviews which will be feature at the end of 2020. Share your story with the rest of the group.

၂၀၂၀ ခုနှစ်မကုန်မီတွင် ထုတ်ပြန်သွားနိုင်ရန် ဝန်ထမ်းပေါင်း ၄၀ ကျော်ကို အင်တာဗျူးလုပ်ခဲ့ပြီးဖြစ်ပါသည်။ မိမိတို့၏ အကြောင်းများကို လုပ်ငန်းစုတစ်ခုလုံးသိအောင် မျှဝေလိုက်ပါ။

## In The Pipeline:

We will be sharing more of the following exciting initiatives with you in the coming issues. Stay tuned.

စိတ်လှုပ်ရှားဖွယ်ရာ စီမံကိန်းများအကြောင်းကို နောင်ထုတ်ပြန်မည့် သတင်းစဉ်များတွင် အသိပေးသွားပါမည်။

- Yoma Subu
- Yoma Day-Care
- Yoma Study Bursary
- Yoma Housing Assistance

People 2020 initiative is for everyone at Yoma. Some of the initiatives kick-starts at Campus and we hope to bring all these perks and benefits to those who are not based on Campus. We hope to also hear about ideas you may have for your work location. Send your requests to People2020@yoma.com.mm Your opinion matters to us.

People 2020 စီမံကိန်းသည် ရိုးမရှိ ဝန်ထမ်းများအားလုံးအတွက် ဖြစ်ပါသည်။ အချို့သောလှုပ်ရှားမှု၊စီမံကိန်းများကို Campusတွင် စတင်လုပ်ဆောင်နေသော်လည်း အဆိုပါ ခံစားခွင့်များအားလုံးကို Campus တွင် ရုံးမတက်သည့် ဝန်ထမ်းများအတွက်လည်း ပြုလုပ်ပေးနိုင်ရန် မျှော်လင့်ထားရှိပါသည်။ မိမိတို့လုပ်ငန်းခွင်အတွက် အိုင်ဒီယာများရှိပါက ကျွန်ုပ်တို့အနေဖြင့် ကြားသိလိုပါသည်။ မိမိတို့လုပ်ငန်းခွင်ရှိ လိုအပ်ချက်များအတွက် အကြံပြုတောင်းဆိုလိုပါက People2020@yoma.com.mm ထံ အီးမေးလ် ပေးပို့နိုင်ပါသည်။

## ENTITIES HIGHLIGHTS

### “Live Life Your Way’ with Wave Money

Congratulations to Wave Money in the launch of their new WavePay tagline “Live Life Your Way” along with a new TV commercial featuring “Wave Khit” band, Wave Money’s notorious mascot “Sate Chan Thar” and a brand new song “Ko Bawa Ko Sate Kyite” on 29th August.




All Yoma Employees are encouraged to use the WavePay mobile application which delivers reliable, secure, and instantaneous payments - anywhere, anytime.

You can now pay with Wave or WavePay QR Pay with giveaways in all Yoma F&B outlets including KFC, Little Sheep, YKKO and Auntie Anne’s.

WavePay booth and promoters are now also available to assist the customers for opening WavePay account and cashing in.

To listen to "Ko Bawa Ko Sate Kyite" by Wave Khit on JOOX ....

#### WavePay နှင့်အတူ “ကိုယ့်ဘဝကိုယ့်စိတ်ကြိုက် ဖန်တီးပုံဖော်ခြင်း”

Wave Money သည် Wave Pay ၏ ဆောင်ပုဒ်အသစ်ဖြစ်သည့် “ကိုယ့်ဘဝကိုယ့်စိတ်ကြိုက်” နှင့်အတူ Wave ခေတ် Band အဖွဲ့သားများပါဝင်သည့် တီဗွီကြော်ငြာအသစ်၊ အမြဲပြုံးသနာရှာတတ်သည့် "ဆိတ်ချမ်းသာ" နှင့်အတူ “ကိုယ့်ဘဝကိုယ့်စိတ်ကြိုက်” သီချင်းသစ်တို့ဖြင့် ဩဂုတ်လ ၂၉ ရက်နေ့တွင် မိတ်ဆက်ပေးခဲ့ပါသည်။

ရိုးမဝန်ထမ်းများအားလုံးကိုလည်း ယုံကြည်၊ စိတ်ချအားထားရပြီး ငွေပေးချေမှုများကို အချိန်အခါ၊ နေရာဒေသမရွေး လက်ငင်းလုပ်ဆောင်နိုင်သည့် WavePay မိုဘိုင်းလ်ပိုက်ဆံအိတ် အက်ပလီကေးရှင်းကို အသုံးပြုရန် တိုက်တွန်းလိုက်ပါသည်။

Wave (သို့) WavePay ဖြင့် Yoma F&B ဆိုင်ခွဲများဖြစ်သည့် KFC ၊ Little Sheep ၊ YKKO နှင့် Auntie Anne’s တို့တွင် ငွေပေးချေနိုင်ပြီဖြစ်ပါသည်။

WavePay အကောင့်ဖွင့်လိုသည့် ကာစတန်မာများနှင့် ငွေသွင်းလိုသူများအတွက် WavePay Booth နှင့် Promoter များကိုလည်း ထားရှိထားပါသည်။

Wave ၏ “ကိုယ့်ဘဝ ကိုယ့်စိတ်ကြိုက်” သီချင်းကို JOOX တွင် (သို့) ကိုယ့်စိတ်ကြိုက်သီချင်းသစ်များအတွက် JOOX တွင် ဝင်ရောက်နားထောင်နိုင်ပါပြီ။

### Yoma Central Reaches New Heights

Covid-19 hasn’t stopped the technical and construction team of Yoma Central from reaching new heights. The team completed 10 out of 13 levels at the Peninsula Residences Yangon, and the first apartments are very quickly taking shape as mechanical, electrical and plumbing systems are being implemented from levels 5 and 6. The Peninsula Residences Yangon plaza area from Alan Pya Pagoda Road is also almost completed. Follow Yoma Central facebook page for more updates.

Yoma Central ၏ နည်းပညာနှင့် ဆောက်လုပ်ရေး အဖွဲ့သားများသည် Covid-19 ကြောင့် ရပ်တန့်မနေသည့်အတွက် အဆောက်အအုံမှာ တဖြည်းဖြည်း မြင့်မားလာပြီဖြစ်ပါသည်။ Peninsula Resicences Yangon ၏ အထပ် ၁၃ ထပ်တွင် ၁၀ ထပ် အထိ ဆောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ပြီး ဆောက်လုပ်ပြီးစီးထားသော ၅ ထပ်နှင့် ၆ ထပ်များ ရှိ လူနေခန်းများကို လျှပ်စစ်နှင့် ရေပိုက်စနစ်များကို စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါသည်။ အလံပြဘုရားလမ်းပေါ်ရှိ Peninsula Residences Yangon Plaza သည်လည်း မကြာမီတွင် ဆောက်လုပ်ပြီးစီးတော့မှာ ဖြစ်ပါသည်။ နောက်ဆုံးရသတင်းများအတွက် Yoma Central ဖေ့ဘုတ်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

### Two Exclusive Yoma Land Launches

Congratulations to the teams of StarCity and Pun Hlaing Estate. They recently launch the exclusive Star Villas at StarCity and The Hills @ Pun Hlaing Estate.




Star Villas is the first-ever landed property in StarCity; a stylish collection of 28, two-storey villas within an estimated 6.7 acres of land. Beautifully designed and landscaped, the villas are strategically located right across the Dulwich Campus, an idea home for those who appreciate nature and seeking for quality lifestyle. During a private launch event in August, 14 plots have been successfully sold. Star Villas is now open for viewing on appointment basis. Contact us at 09 777 22 33 99.

The Hills @ Pun Hlaing is a new signature residential homes that was soft launched on 28 August. In collaboration with M.ID Signature, Yoma Land is excited to announce the launch of The Hills @ Pun Hlaing. Spacious and luxurious, the new limited edition of nine four-bedroom 4,500 sqft detached family homes sits on 9,000 SqFt plot each. Contact Soe Yan Paing at +95 9 421 717 676 for more info.

Star City ရှိ Star Villas နှင့် ပန်းလှိုင်အိမ်ရာရှိ The Hills အိမ်ရာစီမံကိန်းတို့ကို မိတ်ဆက်ပေးခဲ့သည့် StarCity နှင့် ပန်းလှိုင်အိမ်ရာအဖွဲ့သားများကို ဂုဏ်ပြုလိုက်ပါသည်။

Star Villas သည် ခေတ်မီလှပသည့် နှစ်ထပ်တိုက်လုံးချင်းအိမ်ပေါင်း ၂၈ လုံး စုဝေးတည်ရှိနေသော StarCity ၏ ပထမဦးဆုံးသော လုံးချင်းအိမ်ရာဖြစ်ပြီး ၆.၇ မြေဧကပေါ်တွင် ဆောက်လုပ်ထားပါသည်။ ခေတ်မီလှပစွာ တည်ဆောက်ထားပြီး စိမ်းစိုလှပသည့် ပတ်ဝန်းကျင်တွင်ရှိသော Star Villas ကို အချက်အချာကျသည့် Dulwich ကျောင်းဝင်း၏ မျက်နှာချင်းဆိုင်နေရာမှာ ဆောက်လုပ်သွားမှာဖြစ်ပါသည်။ သဘာဝအလှတရားကိုခံစားလိုပြီး အရည်အသွေးပြည့်ဝသည့်လူနေမှုဘဝကို ရှာဖွေနေသူများအတွက် စံပြအိမ်ဖြစ်ပါသည်။ ဩဂုတ်လတွင် ပြုလုပ်ခဲ့သည့် မိတ်ဆက်ပွဲတွင် အိမ်ပေါင်း ၁၄ လုံးကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ပါသည်။ လာရောက်ကြည့်ရှုလိုသူများကြိုတင်ရက်ချိန်းယူ၍ လာရောက်နိုင်ပါသည်။ ၀၉ ၇၇၇ ၂၂ ၃၃ ၉၉ ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဩဂုတ်လတွက် မိတ်ဆက်ပေးခဲ့သည့် The Hills သည် ပန်းလှိုင်အိမ်ရာ၏ အထင်ကရ လူနေအိမ်များဖြစ်ပါသည်။ အိမ်တွင်းအလှဆင်ရာတွင် နာမည်ကြီးသည့် M.ID Signature နှင့် အတူပူးပေါင်းဆောင်ရွက်သည့် The Hills @ Pun Hlaing အိမ်ရာစီမံကိန်းကိုအားလုံးနှင့် မိတ်ဆက်ပေးနိုင်သည့်အတွက် Yoma Land မှ အထူးစိတ်လှုပ်ရှားမိပါသည်။ အရေအတွက် အကန့်အသတ်ဖြင့် လုံးချင်းအိမ်ပေါင်း ၉ လုံးသာရှိသည့် The Hills သည် နေရာကျယ်ဝန်းပြီး ၎င်းကို အဆင့်မြင့်စွာ ဆောက်လုပ်သွားပါမည်။ The Hills လုံးချင်းအိမ်သည် မြေအကျယ်အဝန်း ၉,၀၀၀ စတုရန်းပေရှိပြီး အိပ်ခန်း ၄ ခန်းပါဝင်ကာ ၄,၅၀၀ စတုရန်းပေကျယ်ဝန်းမှာဖြစ်ပါသည်။ အခြားမေးမြန်းလိုသည်များကို စိုးရန်ပိုင် ၀၉ ၄၂၁ ၇၁၇ ၆၇၆ ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

